၂၀၂၃ ခုနှစ် မတ်လ ၂၀ ရက်

# ကုလသမဂ္ဂ အထွေအထွေအတွင်းရေးမှူးချုပ်မှ ရိုဟင်ဂျာများ နေရပ်ပြန်ရေး 'ရှေ့ပြေးစီမံချက်' တွင် ကြားဝင်ဆောင်ရွက်ပေးရန်နှင့် UNHCR နှင့် WFP တို့၏ ပါဝင်ပတ်သက်မှုကို စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုခြင်း

မိမိတို့ အရပ်ဘက်လူထုအဖွဲ့အစည်း ၂၀၁ ဖွဲ့သည် ဘင်္ဂလားဒေ့ရှ်မှ ရိုဟင်ဂျာဒုက္ခသည်များကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေး 'ရှေ့ပြေးစီမံချက်' တွင် ကုလသမဂ္ဂ၏ ပါဝင်ဆောင်ရွက်မှုကို ပြင်းပြင်းထန်ထန် ရှုတ်ချပါသည်။ အောက်တွင်လတ်မှတ်ရေးထိုးထားသော မိမိတို့ အရပ်ဘက်လူထုအဖွဲ့အစည်းများသည် ကုလသမဂ္ဂ၏ လျှို့ဝှက်စွာပါဝင်မှုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ Cox's Bazar သို့ မြန်မာစစ်အုပ်စုက သွားရောက်သည့် ခရီးစဉ်ကို လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးရာတွင် ပါဝင်မှုတို့ကြောင့် မိမိတို့ ထိတ်လန့်တုန်လှုပ်ရပါသည်။ စစ်အုပ်စု၏ အဖွဲ့ဝင်များကို Cox's Bazar သို့ပို့ဆောင်သည့် ခရီးစဉ်တွင် ပါဝင်ကူညီခဲ့သည့် ကုလသမဂ္ဂအေဂျင်စီများက ၎င်းတို့အသုံးပြုခဲ့သည့် လေယာဉ်များပေါ်မှ UN အမှတ်အသားများကို ဖယ်ရှားခဲ့ကြောင်း သိရှိရသည်။ ရိုဟင်ဂျာဒုက္ခသည်များအနေဖြင့် မြန်မာနိုင်ငံသို့ ဘေးကင်းလုံခြုံမှုရှိပြီး မိမိဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာဖြင့် ရေရှည်တည့်တံ့သော နေရပ်ပြန်နိုင်ရေးအခြေအနေ မရှိနေသည့်အချိန်တွင် ရည်ရွယ်ချက်ရှိရှိဖြင့် အတင်းအကျပ် နေရပ်ပြန်ပို့ရန် ကြိုးပမ်းမှုတွင် ကုလသမဂ္ဂက ပါဝင်ဆောင်ရွက်နေသည်မှာ ရှည်လျားကြာမြင့်နေပြီဖြစ်ပြီး ယခုလုပ်ဆောင်မှုသည် ထိုလုပ်ရပ်၏ နောက်ဆက်တွဲတစ်ခုပင် ဖြစ်သည်။ ဤလုပ်ဆောင်မှုသည် မြန်မာနိုင်ငံအရေးတွင် ကုလသမဂ္ဂ၏ "ကြားနေရေး" ဆိုသည့်ရပ်တည်ချက် မရှိသည်ကို ဖော်ထုတ်ပြသနေသကဲ့သို့ ဘက်မလိုက်ရေးနှင့် "မည်သူမျှ ထိခိုက်နစ်နာမှုမရှိစေရေး" ဟူသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများကို လိုက်နာရန် ပျက်ကွက်နေခြင်းသည် ကုလသမဂ္ဂ၏ လုပ်ရပ်အပေါ် မြန်မာလူထု၏ ယုံကြည်မှုကို ပိုမိုပျက်ပြားစေပါသည်။

၂၀၂၃ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် Cox's Bazar သို့ မြန်မာစစ်အုပ်စု၏ သွားရောက်ခဲ့မှုသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တို့ ပါဝင်သည်ဟုသိရသော နေရပ်ပြန်ပို့ရေး 'ရှေ့ပြေးစီမံချက်" ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုဖြင့် တရားမဝင်စစ်အုပ်စုနှင့် ဘင်္ဂလာဒေ့ရှ်တို့အကြား နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုမှု၏ ရလဒ်ဖြစ်သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးအခြေအနေဆိုင်ရာအထူးကိုယ်စားလှယ်၏ မကြာသေးမီက ထုတ်ပြန်သော ညီလာခံစာတမ်းတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မြန်မာလူထု၏ တရားဝင်ရွေးကောက်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်များထံမှ အာဏာသိမ်းယူရန် ကြိုးပမ်းမှုသည် "တရားမဝင်ဘဲ စစ်အုပ်စုမှ ၎င်းသည် တရားဝင်အစိုးရ ဖြစ်ကြောင်း ပြောဆိုမှုသည်လည်း တရားမဝင်" ဟု ဖော်ပြထားသည်။

လူမျိုးသုဉ်းသတ်ဖြတ်မှုမှ အသက်ရှင်ကျန်ရစ်သူ ရိုဟင်ဂျာများကို လူသတ်ကွင်းများထဲသို့ ပြန်ပို့ခြင်းမှ တားဆီးရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် ချက်ချင်း ကြားဝင်ဆောင်ရွက်ပေးရမည် ဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများသည် လက်ရှိအချိန်အထိ ဖိနှိပ်ခံနေရပြီး လူမျိုးရေးခွဲခြားမှု စနစ်အောက်တွင် နိုင်ငံသားဖြစ်ခွင့်ကို ငြင်းပယ်ခံနေရဆဲ ဖြစ်သည်။ ၎င်းတို့သည် ပြည်တွင်း ဒုက္ခသည်စခန်းများတွင် လွတ်လပ်စွာ သွားလာခွင့်မရှိဘဲ ပိတ်လှောင်ခံနေရပြီး စားနပ်ရိက္ခာနှင့် ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှု စသည့် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများအား လက်လှမ်းမီမှုမှ ဖြတ်တောက်ခံထားရသည်။ လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်သူများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့် အချိန်မှစ၍ နိုင်ငံတစ်ဝှမ်းလုံးတွင် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို အလားတူ ဆက်လက် ကျူးလွန်နေဆဲ ဖြစ်သည်။ ကုလသမဂ္ဂ၏ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်က မှတ်တမ်းတင်ထားသည့်အတိုင်း ၎င်းတို့သည် အာဏာသိမ်းရေးကြိုးပမ်းမှု မတိုင်မီကပင် ရိုဟင်ဂျာများအပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် အခြားတိုင်းရင်းသားလူမျိုးစုများအပေါ် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို ဆယ်စုနှစ်များစွာ ကျူးလွန်ထားခဲ့ပြီး ဖြစ်သည်။

အထွေထွေအတွင်းရေးမှူးချုပ်သည် မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် လူမျိုးသုဉ်းသတ်ဖြတ်မှု ဖြစ်ပေါ်နေချိန်တွင် ကုလသမဂ္ဂဘက်မှ ထိုအရေးနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရာတွင် စနစ်ပိုင်းဆိုင်ရာနှင့် ဖွဲ့စည်းတည်ဆောက်မှုပိုင်းဆိုင်ရာ ကျရှုံးမှုများကို တွေ့ရှိခဲ့သည့် "Rosenthal အစီရင်ခံစာ" ၏ အကြံပြု တိုက်တွန်းချက်များကို အခြေခံပြီး လုပ်ငန်းစီမံချက်တစ်ခုကို အဓိပ္ပာယ်ပြည့်ဝစွာဖြင့် အရေးတကြီး အကောင်အထည်ဖော်နိုင်ရန် ရေးဆွဲရမည်ဖြစ်သည်။ Rosenthal အစီရင်ခံစာတွင် ပါရှိသည့် "အကြံပြု တိုက်တွန်းချက်များကို လိုက်နာဆောင်ရွက်ရေးဆိုင်ရာ တိုးတက်မှုများနှင့်ပတ်သက်၍" အထွေထွေ အတွင်းရေးမှူးချုပ်၏ ၂၀၂၂ ခုနှစ် အခြေအနေဖော်ပြချက်တွင် ၎င်းအစီရင်ခံစာ၌ ဖော်ပြထားသည့် မြန်မာနိုင်ငံအတွက် အဓိကကျသော ဆိုးရွားလှသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခဲ့သည်။ ယင်းအစီရင်ခံစာသည် ပြည့်စုံကျယ်ပြန့်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တောင်းဆိုထားသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ တောင်းဆိုချက်ကို ဖြည့်ဆည်းမှုမရှိခဲ့သည့်အပြင် မြန်မာနိုင်ငံအရေးနှင့်ပတ်သတ်၍ ကုလသမဂ္ဂ၏ အဆောက်အအုံပိုင်းဆိုင်ရာ အထူးကြီးမားသော ကျရှုံးမှုကို ဖော်ပြရန် ပျက်ကွက်ခဲ့သည်။

"UNHCR ၏ ဆန်းစစ်လေ့လာမှုအရ ရခိုင်ပြည်နယ်၏ လက်ရှိအခြေအနေ (၎င်းတို့ နေရပ်ပြန်ရမည့်နေရာ) သည် ရိုဟင်ဂျာ ဒုက္ခသည်များအတွက် လုံခြုံပြီး ရေရှည်တည်တံ့သော နေရပ်ပြန်ရေးကို ဖြစ်စေမည့်အခြေအနေ မရှိနေ" သော်လည်း Myanmar Accountability Project မှ ဖော်ထုတ်ထားသည့် ကုလသမဂ္ဂထိပ်တန်းအရာရှိများကြား အတွင်းရေးဆက်သွယ်မှုအရ UNHCR သည် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်နေသည့်စစ်အုပ်စုကို လိုက်လျောပေးရန် ဆန္ဒရှိကြောင်း သိရှိရသည်။ UNHCR သည် ရိုဟင်ဂျာ ဒုက္ခသည်များ၏ ဘေးကင်းရေး၊ လုံခြုံရေးနှင့် ထပ်မံပြီးသားကောင်မဖြစ်စေရေးမှ ကာကွယ်ပေးရေးတို့ထက် စစ်အုပ်စုနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့နှင့် ၎င်းတို့၏ဆက်ဆံရေးကို ဦးစားပေးသည့် UNHCR ၏ ဆုံးဖြတ်ချက်သည်

မြေပြင်ရှိ လက်တွေ့အခြေအနေများနှင့် လုံးလုံးလျားလျား ကင်းကွာနေသည့် ကုလသမဂ္ဂ၏ ချဉ်းကပ်မှုကို ထောက်ပြနေသည်။ ဒုက္ခသည်များကို အကာအကွယ်ပေးရမည့်အစား ထိုဒုက္ခသည်များကို အသက်အန္တရာယ် ကျရောက်စေမည့် သမိုင်းစဉ်ဆက်ပြုလုပ်ခဲ့သည့် အမှားများကို ထပ်ခါတလဲလဲ လုပ်ဆောင်နေသည်။

Rosenthal အစီရင်ခံစာသည် အတွင်းရေးမှူးရုံးနှင့် အထူးသဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုခံရသူများအား ပံ့ပိုးကူညီပေးရေး မဖြစ်မနေဆောင်ရွက်ပေးရမည့်အချိန်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကိုယ်စားပြုသည့် ကုလသမဂ္ဂ စုပေါင်းအဖွဲ့ဝင်များမှ ပံ့ပိုးကူညီမှု လုပ်ဆောင်ရန် ပျက်ကွက်မှုကိုလည်း ဖော်ပြနေသည်။ လူမျိုးသုဉ်း သတ်ဖြတ်မှု ဖြစ်စဉ်မှသည် ငါးနှစ်တာကာလအတွင်းတွင် စစ်တပ်ကို ပစ်မှတ်ထားသည့် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချမှု ပိတ်ဆို့ရေး၊ ပစ်မှတ်ထား ဒဏ်ခတ်အရေးယူပိတ်ဆို့မှုများနှင့် မြန်မာနိုင်ငံ အခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံး (International Criminal Court) သို့ လွှဲပြောင်းပေးရေးတို့နှင့် ပတ်သတ်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တစ်စုံတစ်ရာကို မတွေ့ရှိရသေးပါ။

လက်ရှိ ရိုဟင်ဂျာအရေးကို လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သူများကြောင့် ဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်းများမှ ခွဲထုတ်၍ မရပေ။ စစ်အုပ်စု၏ တောင်းဆိုချက်များကို အလျှော့ပေးပြီး လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်သူများ၏ လက်ထဲသို့ ရိုဟင်ဂျာများကို ပြန်ပို့ခြင်းသည် ရိုဟင်ဂျာများ၏ ရှည်လျားကြာမြင့်စွာ ခံစားနေရသည့် အကျပ်အတည်း အခက်အခဲများကို ဖြေရှင်းနိုင်မည် မဟုတ်ပါ။ ၎င်းတို့၏ ဘဝများနှင့် အနာဂတ်တို့နှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် ၎င်းတို့ကိုယ်တိုင် အဓိပ္ပါယ်ပြည့်ဝစွာဖြင့် ပါဝင်စေပြီး မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများအပေါ် ခိုင်မာ၍ ပြင်းထန်သည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းအားဖြင့် ကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုများ ရှိလာစေရေး လုပ်ဆောင်ရန် လိုအပ်သည်။

ကုလသမဂ္ဂသည် ၎င်းတို့၏စနစ်အတွင်းရှိ အမြင့်ဆုံးအဆင့်တွင် ပါဝင်နေကြသည့် လူပုဂ္ဂိုလ် တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းအလိုက်တို့၏ ထပ်ခါတလဲလဲ ပျက်ကွက်နေမှုများအတွက် တာဝန်ယူမှု တာဝန်ခံမှု ရှိရမည်ဖြစ်သည်။

ကုလသမဂ္ဂသည် ၎င်း၏ရှက်ဖွယ်ကောင်းသော စနစ်ပိုင်းဆိုင်ရာနှင့် အဆောက်အအုံပိုင်းဆိုင်ရာ ပျက်ကွက်မှုများကို အဆုံးသတ်ပြီး စစ်ရာဇဝတ်ကောင်များနှင့် လူမျိုးသုဉ်းသတ်ဖြတ်သည့် စစ်အုပ်စုကို ကူညီပံ့ပိုးမည့်အစား လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ခံရသူများ၊ လူမျိုးသုဉ်းသတ်ဖြတ်မှုမှ အသက်ရှင် ကျန်ရစ်သူများနှင့် မြန်မာနိုင်ငံပြည်သူလူထုကို ကူညီပံ့ပိုးရန် အချိန်တန်ပြီဖြစ်သည်။ ယင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ အထွေအထွေအတွင်းရေးမှူးချုပ်အား မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို စုံစမ်းစစ်ဆေးပေးရန်နှင့် ၎င်းတို့၏ ပါဝင်ပတ်သက်မှုနှင့် ပံ့ပိုးကူညီမှုများသည် မြန်မာနိုင်ငံရှိ ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် မိမိတို့မှ တောင်းဆိုလိုက်သည်။

### *ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်*

- ဒေါ်ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org
- ကိုထွန်းခင်၊ မြန်မာရိုဟင်ဂျာများအသင်း ယူကေ၊ tunkhin80@gmail.com
- နာင်းမို့မို့၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ secretariat@womenofburma.org
- Chris Gunness၊ Myanmar Accountability Project၊ cgunness@outlook.com၊ +447587698990

ဤထုတ်ပြန်ကြေညာချက်ကို အမည်မဖော်ပြလိုသော အဖွဲ့အစည်း ၃၀ ဖွဲ့အပါအဝင် အဖွဲ့အစည်းစုစုပေါင်း **၂၀၁** ဖွဲ့မှ လက်မှတ်ရေးထိုးထားပါသည်။

1. 8888 Generation (New Zealand)
2. Action Against Myanmar Military Coup (Sydney)
3. Action Committee for Democracy Development (Coalition of 14 grassroots networks)
4. Active Youths (Kalay)
5. Ah Nah Podcast - Conversations with Myanmar
6. Ah. La. Ka (12) Hta Khwe. Primary Education Student Union
7. All Burma Democratic Front in New Zealand
8. All Burma Indigenous People Alliance
9. All Religions Strike Column
10. ALTSEAN-Burma
11. Arakan CSO Network
12. Arakan Time Rohingya Daily News
13. Asian Dignity Initiative
14. Asian Forum for Human Rights and Development (FORUM-ASIA)
15. Association of Human Rights Defenders and Promoters
16. Association Suisse Birmanie (ASB)
17. Athan - Freedom of Expression Activist Organization
18. Auckland Kachin Community NZ
19. Auckland Zomi Community
20. Aung Myay Thar Zan Education Schools Strike Column
21. Aung Pin Lae Main Strike Column
22. Ayeyarwaddy west Development Organization (AWDO, Magway Region)
23. AYN Ayeyarwady Youth Network
24. Blooming Padauk
25. Burma Action Ireland
26. Burma Affairs and Conflict Study - BACS
27. Burma Campaign UK
28. Burma Civil War Museum (BCM)
29. Burma Human Rights Network
30. Burma Support
31. Burmese Community Group (Manawatu, NZ)
32. Burmese Rohingya Organisation UK
33. Burmese Rohingya Welfare Organisation New Zealand

34. Burmese Women's Union
35. Cambodian Americans and Friends for Democracy and Human Right Advocate, CA
36. Campaign for Popular Democracy (CPD), Thailand
37. CDM Support Team Mandalay (CSTM)
38. Chan Mya Thar Si Township People Strike Column
39. Chin Community of Auckland
40. Civil Information Network - CIN
41. Cooperative University Student Strike Column
42. Courage Fund, Cambodia
43. CRPH & NUG Supporters Ireland
44. CRPH Funding Ireland
45. CRPH, NUG Support Team Germany-Deutschland
46. Daung Sit Thi
47. Dawei Development Association DDA
48. Doh Atu - Ensemble pour le Myanmar
49. Education Family (Anti - Fascists Education Strike Columns Coordination Committee)
50. Educational Initiatives Prague
51. Equality Myanmar
52. Ethnic Youth General Strike Committee
53. Federal FM (Mandalay)
54. Federal Myanmar Benevolence Group (NZ)
55. Finland-Myanmar Association
56. Free Rohingya Coalition
57. Future Thanlwin
58. Generation Wave
59. German Solidarity with Myanmar Democracy eV
60. Global Myanmar Spring Revolution (GMSR)
61. Grass-root People
62. Human Rights Educators Network
63. Human Rights Foundation of Monland
64. India For Myanmar
65. Info Birmanie
66. International Association, Myanmar-Switzerland (IAMS)
67. Japan Myanmar Help Network (comprising of over 40 youth groups in Japan)
68. Justice 4 Rohingya UK
69. Justice for Myanmar
70. Kachin Women's Association Thailand
71. Karen Environmental and Social Action Network
72. Karen Human Rights Group
73. Karen Peace Support Network
74. Karen Swedish Community
75. Karen Women's Organization
76. Karenni Civil Society Network
77. Karenni Human Rights Group (KnHRG)
78. Karenni National Women Organization
79. Karenni Society New Zealand

80. Kyae Lak Myay
81. Kyaukse University Students' Union
82. Lands In Our Hands
83. LGBTIQ Strike of Mandalay
84. Maha Aung Myay Township People Collective Strike Column
85. Mandalar University Student Strike Column
86. Mandalay Alliance Strike Collective Column
87. Mandalay Based People Strike Column
88. Mandalay Civil Society Organizations
89. Mandalay Engineer Group
90. Mandalay Engineer United Force
91. Mandalay Regional Youth Association (MRYA)
92. Mandalay University Student Alumni Union
93. Mandalay Wholesale Strike Column
94. Mandalay Youth Strike Column
95. Me Boun Foundation
96. Medical Family – Mandalay
97. Metta Campaign Mandalay
98. MIIT Student Strike Column
99. Minbu Farmer Group
100. Minhla Development Organization
101. Muslim Youth Union
102. Mya Taung Strike Column
103. Myanmar Accountability Project
104. Myanmar Action Group Denmark
105. Myanmar anti-military coup movement in New Zealand
106. Myanmar Campaign Network
107. Myanmar Community Group Christchurch New Zealand
108. Myanmar Community Group Dunedin New Zealand
109. Myanmar Cultural Research Society (MCRS)
110. Myanmar Diaspora Group Finland
111. Myanmar Engineers - New Zealand
112. Myanmar Gonye (New Zealand)
113. Myanmar People Alliance (Shan State)
114. Myanmar Railway, Region (3) CDM Strike Column
115. Myanmar Students' Union in New Zealand
116. Myaung Education Network
117. Myaung Medical Team နွေဦးရောင်နီဆေးအဖွဲ့
118. Naphe Development Organization
119. Nelson Myanmar Community Group New Zealand
120. Network for Human Rights Documentation Network Burma (ND-Burma)
121. New Zealand Doctors for NUG
122. New Zealand Karen Association
123. New Zealand Zo Community Inc.
124. No 7 State High School Alumni Strike Column
125. NRFF - New Rehmonnya Federated Force

126. Nway Oo Guru Lay Myar
127. Overseas Mon Association. New Zealand
128. Padauk
129. Pakokku Youth Development Council
130. Pan Pa Wash People Strike Column
131. Phayagye Peace Strike Column
132. Private Pre-school Teachers Association
133. Progressive Voice
134. Pwintphyu Development Organization (Magway Region)
135. Pyi Gyi Ta Gon Strike
136. Pyithu Gonye (New Zealand)
137. Rohingya Action Ireland (RAI)
138. Rohingya Human Rights Center
139. Rvwang Community Association New Zealand
140. RW Welfare Society
141. Sangha Samaga Strike Column
142. Save and Care Organization for Ethnic Women at Border Areas
143. Save Myanmar Fundraising Group (New Zealand
144. SEA Junction
145. Sein Pan Strike Column
146. Shan Community (New Zealand)
147. Sisters 2 Sisters
148. Southern Youth Development Organization
149. Strike Column of Representatives of Arbitrarily Arrested People
150. Strike Column of Teachers from Universities and Degree Colleges of Mandalay
151. Support Group for Democracy in Myanmar (The Netherlands)
152. Ta’ang Women’s Organization
153. Taekwondo Sport Association
154. Tanintharyi Nationalities Congress TNC
155. Tenasserim Student Unions’ Network - TSUN
156. Thai Action Committee for Democracy in Burma (TACDB)
157. Thapaynyo News Letter
158. The European Rohingya Council (ERC)
159. The Ladies
160. The Netherlands Myanmar Solidarity Platform
161. Think Centre (Singapore)
162. Trip Net
163. U.S. Campaign for Burma
164. White Coat Society Yangon
165. With Myanmar UK
166. Women Activists Myanmar (WAM)
167. Women’s League of Burma
168. Yangon Medical Network
169. Youths for Community-Myaung
170. ပွင့်ဖြူလယ်ယာမြေကွန်ရက်

171. မျိုးဆက်-Generations